**မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန်းနှုန်း (CPI) ကို**

**၂၀၁၂ ခုနှစ်၊ အခြေခံနှစ်မှ ၂၀၁၇ ခုနှစ်၊ အခြေခံနှစ်သို့ ပြောင်းလဲတွက်ချက်နိုင်ရန်အတွက်**

**အလေးပေးရာခိုင်နှုန်း (Weight) တွက်ချက်နည်း**

**သင်တန်းဖွင့်လှစ်ပို့ချ**

မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန်းနှုန်း (CPI) ကို၂၀၁၂ ခုနှစ်၊ အခြေခံနှစ်မှ ၂၀၁၇ ခုနှစ်၊ အခြေခံနှစ်သို့ ပြောင်းလဲတွက်ချက်နိုင်ရန်အတွက် အလေးပေးရာခိုင်နှုန်း (Weight) တွက်ချက်နည်းသင်တန်းကိုအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF)၏ နည်းပညာအကူအညီဖြင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂) ၌ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် စားသုံးသူဈေးဆန်းနှုန်း (CPI) ကို ၂၀၁၂ ခုနှစ်၊ အခြေခံနှစ်ဖြင့် တွက်ချက်ထုတ်ပြန်လျက်ရှိပါသည်။ ခေတ်ကာလအလျောက် လူတို့၏ စားသုံးမှုနှင့် ဝန်ဆောင်မှုပုံစံများ ပြောင်းလဲလာသဖြင့် လိုက်လျောညီထွေရှိစေမည့် အခြေခံနှစ် (Base Year) ပြောင်းလဲတွက်ချက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဘာသာရပ်ကျွမ်းကျင်သူ Ms. Mari Yla–Jarkko မှ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)ရှိဝန်ထမ်း (၁၈) ဦးတို့အား ဆွေးနွေးသင်ကြားပို့ချလျက်ရှိပါသည်။



